ပိုင်လေးဖြူ

# အမုန်းရဲ့ ရင်ခုန်သံ



# အမုန်းရဲ့ရင်ခုန်သံ
## စွန်းထင်းရောင် (ပိုင်လေးဖြူ)
### အပိုင်း(၁)

"ဟူး ..." ခနဲ တိုက်ခတ်လာသည့် လေပြည်ရိုင်းလေးတွေဟာ ခန္ဓာကိုယ်ရှိ အဝတ်ကိုပါမကဘဲ နှလုံးသားထဲအထိ အေးစက်နေအောင် တိုက်ခတ်နေကြသည်။

ညနေခင်းရဲ့ နေဝင်ဆည်းဆာနှင့် ကန်ရေပြင်ရဲ့ အလှတို့ပေါင်းစပ်ကာ သဘာဝအလှတရား ညနေဆည်းဆာ တစ်ခုအဖြစ် ဖော်ကျူးနေတဲ့ ကမ္ဘာမြေကြီး။ ကမ္ဘာကြီးဟာ သူ့အလျောက်သူနေ သဘာဝဟာလည်း ဘယ်သူ့ကိုမနှောင့်ယှက် တိလည်း သူတို့တွေကို သွားမနှောင့်ယှက်ပါ။

တိရဲ့ မောပန်းမှု နွမ်းနယ်မှု စိတ်မသက်သာမှုတွေကို လေပြည်ရိုင်းလေးတွေနဲ့ ဆေးကြောပစ်လိုက်တယ်။ အနည်းငယ် သက်သာသလိုတော့ ရှိသယောင်။

"ညနေခင်းက ငါ့စိတ်ညစ်မှုတွေကို ပြေပျောက်စေတာ အမှန်ပဲ"

လက်မှာပတ်ထားတဲ့ ငွေရောင်နာရီမှ လက်တံများက (၅း၃၀)မိနစ်သို့ ညွှန်ပြနေကြသည်။ အိမ်ပြန်ရန် အတော်နောက်ကျနေပြီ အခုမှ စပြန်မယ်ဆိုအိမ်ကို (၇း၀၀)နာရီမှ ရောက်မည့်ကိန်းပင်။ မထူးတော့ ဒီကန်ရေပြင်အနား ရောက်လာပြီဆိုတော့လည်း တဝကြီး လေညင်းခံပြီးမှ ပြန်မယ်ဟု တိဆုံးဖြတ်လိုက်သည်။ သို့သော် ... တိဆုံးဖြတ်ချက်တို့ မှားသွားပြီ ထင်ပါ

ရဲ့အကြောင်းမှာ ...

"ဟိတ် နေဦး"

တစ်စုံတစ်ယောက်ရဲ့ ခေါ်သံကြောင့် ရှေ့တိုးမည့် ခြေလှမ်းတွေ ရပ်တန့်လိုက်ရပြီး နောက်ကိုပါ တစ်ပါတည်း လှည့်လိုက်ရသည်။

"ဗျာ ..."

"ကတိဆိုတာမင်းလား"

"ဟုတ်ပါတယ် တိနာမည်ကတိပါ။ ဘာဖြစ်လို့လဲ မသိဘူးခင်ဗျ"

"မင်း ... ငါတို့နဲ့ ခဏလောက်လိုက်ခဲ့ပါ"

လိုက်ခဲ့ရမည်။ ဘာအတွက်လဲ ဘာကြောင့်လဲ သူတို့ကရော ဘယ်သူတွေလဲ။ တိ အသိအကျွမ်းထဲမှာ ဒီလူတွေ တစ်ယောက်မှမပါ ခေါ်တိုင်းလိုက်ရအောင် တိနဲ့လည်း ဘယ်သောတစ်ခါမှမျှ မပတ်သက်ခဲ့ဖူးသည့် သူစိမ်းလူများ။

"ဟို ... အစ်ကိုတို့ လူမှားနေပြီ ထင်ပါရဲ့ တိနာမည် ကတိဆိုတာတော့ မှန်ပါတယ် ဒါပေမဲ့လေ ... တိအစ်ကိုတို့ကို မသိဘူး ခွင့်ပြုပါဦး"

ယဉ်ကျေးစွာနဲ့ပဲ ထိုလူတွေရဲ့အရှေ့က လစ်ထွက်သွားဖို့ ကြံလိုက်ပေမဲ့လည်း ...

"မင်းပဲ ငါတို့ရှာနေတဲ့လူ"

"မဖြစ်နိုင်ဘူး ထင်ပါတယ်ခင်ဗျ ဘာလို့လဲဆိုတော့ ..."

"ငါတို့လည်း မင်းကိုမသိဘူး ငါတို့ကို ခိုင်းလို့လုပ်ရတာ အေးအေးဆေးဆေး လိုက်ခဲ့ပါ အသားမနာချင်ရင်ပေါ့"

"ဘယ်လို ... ခင်ဗျားတို့ ဓားပြတွေ မဟုတ်လောက်ပါဘူးနော်။ ဒါမှမဟုတ် ပြန်ပေးသမား မဟုတ်မှလွဲရော မုဒိမ်းသမားတွေလား လူကုန်ကူး

တွေလား ဘင်္ဂါလီတွေလား ကုလားတွေ ..."

"လျှာရှည်တယ်ကွာ လူရှင်းတုန်း ခေါ်လာလိုက်တော့"

ထိုလူတွေထဲမှ တစ်ယောက်က လက်မြန်ခြေမြန်ပင် တိကိုဆွဲခေါ် ပါတော့သည်။

"အား ... လွှတ် ခင်ဗျားကြီးတို့လွှတ်နော် ကျုပ်မှာ တစ်ပြားမှမပါဘူး လွှတ် ..."

"ကားထဲကိုထည့်လိုက် ဆက်အော်နေသေးရင် ပါးစပ်ကို တိတ်နဲ့သာ ကပ်လိုက်ကွာ"

"ကယ်ကြပါဦး ... ကယ်ကြပါဦး ဒီမှာကျွန်တော့်ကို မဟားတရား ဖမ်းခေါ်နေကြပါတယ် အတင်းကို ဖမ်းခေါ်နေကြပါတယ် ကယ်ကြပါဦး ကယ်ကြ ... အွပ် ..."

အော်နေရင်းတန်းလန်း ပါးစပ်ကို တိတ်မဲမဲတွေနဲ့ အကပ်ခံလိုက်ရသော တိ။ ထိုလူဆိုးတွေရဲ့ အတင်းအဓမ္မ ဖမ်းခေါ်လာမှုကြောင့် ကားပေါ်မှာ ဟိုကန်ဒီထုနှင့် ပါလာရလေ၏။ ဘယ်ကမှန်းလဲမသိ ဘယ်လိုလူတွေလဲမသိ ဘယ်ကိုခေါ်သွား ကြမှာလဲမသိ မသိပေါင်းစုံတွေနှင့် ညနေခင်း အိမ်အပြန်ခရီးကို မပျော်ရွှင်စွာ ပြန်နေရတဲ့ တိတစ်ယောက် ချွေးလုံးသံလုံးကို ပြန်နေရှာသည်။

"အွပ် ... အုဝု အူ့ အူး"

အသံကုန်ဟစ် အော်နေပေမဲ့ တစ်ယောက်မှ တိကိုအဖက်မလုပ် အကြင်နာတရား မရှိတဲ့လူတွေ။ ကားမှန်မှတစ်ဆင့် မြင်နေရသည့် ပတ်ဝန်းကျင်သည် မှောင်စပျိုးနေကြပြီ။ နေ့အလင်းရောင် မှုန်မှုန်လေးကို ညအမှောင်တို့က အနောက်ဖက်ဆီ ပို့ဆောင်နေကြသည်။ တိကိုရော သူတို့

တွေ ဘယ်ကိုပို့ဆောင် နေကြသလဲ။

ရုတ်တရက် ကားထိုးရပ်သွားသည်။ ကားတံခါးပါ အဆင်သင့် ပွင့်လာခဲ့တော့သည်။

"ဆင်း"

"အုအူး အုအူး"

"ခေါင်းမာချင်နေသေးတယ် ဆွဲခေါ်ခဲ့ကြစမ်း"

ကားပေါ် မဆင်းချင်နေတဲ့တိကို ပါးစပ်တိတ်ကပ်ခဲ့သည့် လူကပဲ အတင်းဆွဲခေါ် နေပြန်တော့သည်။ ကလေးသာသာ,သာ ရှိသေးတဲ့ တိအဖို့ ထိုလူ၏ အားနဲ့ဆွဲခေါ်ရာအတိုင်း မလိုက်ချင်သော်လည်း လိုက်ရပါတော့သည်။

တိ အသေအချာကြည့်တော့မှ တိရောက်နေသော နေရာသည် အိမ်တစ်လုံးဖြစ်နေသည်။ အိမ်ကြီးက မီးရောင်တွေ ထိန်ထိန်လင်းနေပြီး အတော်လေး နေချင်စရာကောင်းလှသည်။ တိ တစ်ခဏအတွင်း လှပသည့် ထိုအိမ်ကြီးကို ငေးနေမိသည်။

"သွားလေ ဘာလို့နေ့နေတာလဲ"

"အွပ်"

အိမ်ထဲကို ဝင်ရောက်လိုက်တာနဲ့ အိမ်ကြီး၏ ခမ်းနားလှပမှုကို တမေ့တမော မြင်တွေ့ရပါတော့သည်။ တကယ်လှသည့် အိမ်ကြီးပါ အိမ်နံရံ လှေကားပရိဘောဂ အဆောင်အယောင် အိုး ... အားလုံးလှနေတာချည်းသာ။

ထိုစဉ် လှေကားမှ လူတစ်ယောက် ဆင်းလာပါတော့သည်။

"ပါလာပြီလား"

"ပါလာပြီသခင်လေး သခင်လေး အလိုရှိနေတဲ့ကောင်လေး ကတိပါ"

အဲဒီလူက တိကို စားမတတ်ဝါးမတတ် မျက်လုံးတွေဖြင့် ကြည့်လာသည်။ တိ ... သူ့ကိုမသိပါ။ တစ်ခါမှလည်း ဆုံဖူးတယ်လို့မထင် ဒီလောက်ချောမော နေတဲ့ ယောကျာ်းတစ်ယောက်ကို တစ်ခါမြင်ဖူးတာနဲ့ တစ်သက်တာ မျက်လုံးထဲ စွဲသွားလောက်အောင် ချောမောခန့်ညားသည့် လူတစ်ဦးဟုဆို ရင် မမှားပေ။ ဒါပေမဲ့ ဘာကြောင့်တိကို အလိုရှိနေ ရပါသနည်း။ တိ တွေး ကိုမတွေးတတ်ပါ ထိုလူဟာ ဘယ်သူလဲ။

"ကြိုဆိုပါတယ် ကတိ။ ဒီနေ့ကစပြီး မင်းငါနဲ့ နေရလိမ့်မယ်"

"အု ..."

"ဖွင့်ပေးလိုက်"

သူ့အမိန့်ကျလာသည်နှင့် တိနှုတ်ခမ်းပေါ်က တိတ်တွေကို လာရောက်ခွာ လိုက် ကြတော့သည်။ တိတ်နှင့်ကပ်ထားတာ ခေါ်လာကတည်းကမို့လို့ ပါးစပ်ကဟရမှာ အနည်းငယ် ခက်နေသည်။

"ခင်ဗျား ဘယ်သူလဲ ဘာလို့ တိကိုဒီခေါ်လာတာလဲ"

"အလိုရှိလို့ပေါ့"

ပြန်ဖြေသံက အေးအေးလေးပါ။

"ဘာအလိုရှိတာလဲ တိနဲ့ခင်ဗျားက ဘယ်တုန်းကမှ မပတ်သက်ခဲ့ဖူးဘူး"

"မင်းတို့အားလုံး ထွက်သွားပေးကြ"

တိကိုဖမ်းခေါ်လာတဲ့လူတွေ အကုန်ထွက်သွားကြတော့မှာ သူက စကားပြန်ဆက်သည်။

"မှန်တယ် မင်းနဲ့ငါ မပတ်သက်ဖူးဘူး ဒါပေမဲ့ မင်းအစ်ကိုနဲ့တော့ ပတ်သက်ဖူးတယ်"

"ကိုကြီး ... ကိုကြီးနဲ့ဟုတ်လား"

"ဟုတ်တယ် မင်းအစ်ကိုနဲ့ ငါရထားတဲ့သတင်း မမှားဘူးဆိုရင်မင်းက သစ္စာရဲ့ညီ ဟုတ်တယ်ဟုတ်"

မှန်သည်။ ကိုကြီးသစ္စာက တိရဲ့တစ်ဦးတည်းသော အစ်ကိုဖြစ်သည်။

"နောက်ပြီး သစ္စာကမင်းကို အရမ်းချစ်တယ်"

"ကိုကြီးတိကို ချစ်တာနဲ့ ဒီကိုအတင်းခေါ်လာရတာနဲ့ ဘာဆိုင်လို့လဲ"

သူက စိတ်မရှည်ဟန်ဖြင့် တိအနားသို့ ကပ်လိုက်ပြီး တိလက်သေးသေး လေးကို သူ့လက်ဖြင့် အားကုန်ဖမ်းဆုပ် ထားပါတော့သည်။

"အာ့ ... ခင်ဗျားဘာလုပ်တာလဲ နာတယ်ဗျလွှတ်"

"နာပါစေ မလွှတ်ဘူး နာစေချင်လို့ကို လုပ်တာ"

"အရူး ခင်ဗျားရူးနေတာပဲ ကျစ်၊ နာလိုက်တာ အာ့"

သူ့လက်ထဲမှတိ ရုန်းကြည့်လိုက်သည်။ မရပါ သူ၏အားနှင့် တိရဲ့အားက အပြတ်အသတ် ကွာလှသည်။

"အေး ... ငါအရူး ငါရူးတယ်။ ဘာဖြစ်လို့ ရူးလဲလို့ မမေးတော့ဘူးလား ဟမ်၊ မမေးတော့ဘူးလား"

ဒေါသတကြီး ဖြစ်နေတဲ့ သူ့ကိုကြည့်ပြီး တိလန့်လာ၏။ ဘာတွေလဲ သူနဲ့ ကိုကြီးက ဘယ်လိုရန်ငြိုးတွေ ရှိခဲ့ဖူးလို့လဲ ဘာကြောင့်တိကို မဲနေရတာလဲ။

"မင်းမမေးပေမဲ့ ငါဖြေပေးမယ် အဲဒါမင်းအစ်ကိုကြောင့် မင်းသိပြီလား ဒါ တွေအားလုံး မင်းအစ်ကိုကြောင့်"

"ကိုကြီးကြောင့်ဆိုရင် ကိုကြီးနဲ့ တိုက်ရိုက်ရှင်းပါလား တိနဲ့ဘာဆိုင်လို့လဲ အာ့"

"မင်းနဲ့မဆိုင်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ မင်းနာကျင်တာ မြင်ရတော့ ငါပျော်တယ်လေ။ ဒါပဲ ငါလိုချင်တာ၊ ဒီအရသာတွေ မင်းကပေး ငါအရသာ

ရှိရှိနဲ့ ခံစားမယ် ဟားဟားဟား"

အေးစက်သော ရယ်သံတွေကြား ဖျစ်ညစ်ထားတဲ့ တိရဲ့လက်ကလေးကို အားပိုထည့်၍ ခပ်ပြင်းပြင်း သူညစ်ထားလိုက်လေသည်။

"အား နာတယ် တိတောင်းပန်ပါတယ် တိကိုလွှတ်ပေးပါနော် တိ တောင်းပန်ပါတယ် တိနာလို့ပါ အဟင့်"

နာကျင်မှုရဲ့ကြားမှ ငိုသံတွေနဲ့ တိတောင်းပန်တော့မှ သူအသိစိတ် ဝင်လာတော့သည်။ ဖြည်းညင်းစွာပဲ တိလက်ကလေးကို လွှတ်လိုက်တော့သည်။

"အဟီး ... အီး နာတယ် အီးဟင့်"

နီရဲသွားသော လက်လေးကိုကိုင်ပြီး တိငိုကျွေးနေမိတော့သည်။ ဘယ်ဘဝက ဝဋ်ကြွေးတွေလဲတော့ တိကိုယ်တိုင်လည်း မသိတော့ပါ။ သေချာတာ တစ်ခုကိုတော့ တိသိလိုက်ရသည် ဒီလူက ကိုကြီးကို ကလဲ့စားချေချင်လို့ တိကိုရက်စက် နေခြင်းသာ။

"မင်းလိုက်ခဲ့"

"ဟင့်အင်း မလိုက်ဘူး တိအိမ်ပြန်မယ်"

အပေါ်ထပ်သို့ ဆွဲခေါ်နေပြန်တဲ့ သူ့ကြောင့် တိဆန္ဒပြရ ပြန်တော့သည်။

"မလိုက်လို့ရမလားကွ လိုက်ကိုလိုက်ရမယ်"

"မလိုက်ဘူး တိအိမ်ပဲပြန်မယ် တိအိမ်ပြန်ပါရစေနော်၊ တိ အစ်ကို့ကို တောင်းပန်ပါတယ် ကိုကြီးဘက်က အစ်ကို့ကို အရင်ရန်စခဲ့တာရှိရင် တိ တောင်းပန်မှုနဲ့ ကျေအေးပေးပါနော် တိတောင်းပန်ပါတယ်"

အကြောင်းအရာ အားလုံးကို ဘာမှမသိပဲ ဇွတ်တောင်းပန်နေတဲ့ ကလေးသာသာ တိကို သူငုံ့ကြည့်လိုက်မိသည်။ အခုမှကြည့်မိတယ် ဒီကောင်လေး အရပ်အတော်ပုတာပဲ သူကပဲ အရပ်ရှည်နေလို့လား မသိတော့ပါ။ သူနဲ့ယှဉ်

လျှင် တိအရပ်က သူ့ရင်အုပ်လောက်သာသာ တကယ့်ကလေး တစ်ဦးလို ပင်။

"မရဘူး လိုက်ဆိုလိုက်ခဲ့ရမယ်"

"မလိုက်ဘူး တိမလိုက်ဘူး တိပြန်မှာ အီး ... ဟီး ..."

မလိုက်ဘူး တကဲကဲလုပ်နေသော ကလေးကို သူစိတ်မရှည်နိုင်တော့ပဲ တစ်ခါတည်း ပွေ့ခေါ်လာခဲ့တော့သည်။

"ဟာ ဘာလုပ်တာလဲ အောက်ချပေးနော် အခုချက်ချင်း အောက်ချပေး အီး ... ဟီး ... တိမလိုက်ဘူးဆို"

သူ လှစ်ခနဲပြုံးပြီး ဆက်တက်လာခဲ့သည်။

"ပြောနေတာ မကြားဘူးလားလို့ မလိုက်ဘူးလို့ ဟအင့်"

"မကြားဘူးကွာ မကြားဘူး ငါကဒါဆိုဒါပဲ ထပ်အော်ရင် ဒီလှေကားပေါ်ကနေ မင်းကိုပစ်ချရလိမ့်မယ်"

တိ တကယ်ထိတ်လန့်သွားရသည်။ လှေကားက သူရောက်နေတဲ့ နေရာမှ ပစ်ချရင်တော့ ပွဲချင်းပြီးပဲ။

တိ ထပ်မအော်ရဲတော့ပါ။

"လိမ္မာတယ်"

အပေါ်ထပ်ရောက်တော့ အခန်းတစ်ခုတည်းကို သူဝင်လိုက်သည်။ တိကို လည်း ခုတင်ပေါ်တင်ပေးလိုက်၏။

"အီးဟီး တိပြန်မယ် တိအိမ်ပြန် ..."

"တိတ်စမ်း"

သူ့အသံတော်တော် ကျယ်သွားတယ်ထင်ပါရဲ့ ဆတ်ခနဲတုန်သွားပြီး မေ့လဲ

သွားသော တိ။

"ဒါလည်းကောင်းတယ် ဘယ်လိုကလေးလဲ မသိဘူး စကားကများ အငို ကသန်နဲ့ သစ္စာ ... မင်းညီကို ဘယ်ဟာကြည့်ပြီး ချစ်တာလဲမသိဘူး"

တိခေါင်လေးကိုသူ ခေါင်းအုံးပေါ် တင်ပေးလိုက်ပြီး စောင်လေးကို ရင်ဘတ်အထိ ခြုံပေးလိုက်တော့သည်။

"sorry baby မင်းအစ်ကိုရဲ့ အပြစ်တွေအတွက် မင်းခံရမှာမို့ ကြို တောင်းပန်ထားပါရစေ မင်းကိုနှိပ်စက်လို့ မင်းအစ်ကိုဆီက ပျော်ရွှင်မှုတွေ ငါရမှာမို့ ငါ့အတွက် အရုပ်လေးဖြစ်ပေးပါ"

"မင်းရဲ့ အစ်ကိုခံစားရလွန်ပြီး ငါ့ရှေ့မှာ ဒူးထောက်တောင်းပန်တဲ့နေ့ ရောက်ရင်တော့ မင်းလွတ်လပ်ပါပြီ အခုတော့ ..."

သူ ဆက်မပြောတော့ပဲ အခန်းထဲမှ ထွက်ခဲ့တော့သည်။

"သစ္စာ မင်းကြောင့် ငါဒီလိုလုပ်နေရတာ စိတ်တော့မကောင်းဘူး မင်းညီ ကို လိုက်ရှာနေမှာပဲနော်။ ကျေနပ်တယ် အရမ်းကျေနပ်တယ် ဒါအစပဲ ရှိ သေးတယ် မင်းခံစားရဖို့အတွက် လက်ဆောင်တွေ အများကြီး ... အများ ကြီး ပြင်ဆင်ထားတာမို့လို့ လမ်းတစ်ဝက်ရောက်မှ ငါ့ကိုဒူးမထောက်ပါနဲ့ အကယ်၍မင်းဒူးထောက်ချင်ရင် လမ်းဆုံးမှထောက်ပါ"

"ဟား ဟား ဟား ဟား"

ကျယ်လောင်တဲ့ ရယ်သံရဲ့နောက်မှာတော့ ရက်စက်ခြင်းတွေဟာ လက်ခုပ်တီးနေကြသည်။

ဒါပဲလေ အချစ်လမ်းဆိုတဲ့ ဒီကောင်ရဲ့ လက်စားချေမှုတွေက။ နာမည်က သာ အချစ်လမ်း ငါ့ရဲ့အချစ်လမ်းကတော့ မလှပခဲ့ဘူး လှပအောင် မင်း ဆောင်ကျဉ်း မပေးခဲ့ဘူးသစ္စာ။ မလှပတော့မှတော့ လှပတဲ့လက်စားချေမှု

တွေကို သုံးရတော့မှာပေါ့ မင်းခံနိုင်ရည် ရှိပါစေ သစ္စာ။

***